Kentucky Public Health

Prevent. Promote. Protect.

# COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ) ခံစားနေရသူများနှင့် ထိတွေ့မှုရှိခဲ့သည်နောက်ပိုင်း မိမိအိမ်တွင်း သီးသန့်နေထိုင်ပြီး ကိုယ့်ကိုကိုယ် ထိန်းချုပ်ကုသနိုင်ရန် လမ်းညွှန်ချက်များ

လူကြီးမင်းကို ဆက်သွယ်ရသည့် အကြောင်းအရင်းမှာ COVID-19 (ပြင်းထန်းအဆုတ်ရောင်ရောဂါ) ခံစားနေရသူများနှင့် ထိတွေ့ခဲ့သော ရာဇဝင်ရှိသောကြောင့် ဖြစ်သည်။ COVID-19 ရောဂါဆက်လက် ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန်နှင့် မိမိကိုယ်ကို ထိန်းချုပ်ကုသနိုင်ရန်အတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆက်လက်ဖော်ပြပေးထားပါသည်။

မိမိတွင် နာမကျန်းဖြစ်နေသည့် ရောဂါလက္ခဏာများ မရှိနေသော်လည်း လူကြီးမင်းထံမှ COVID-19 (ပြင်းထန်အဆုတ်ရောဂါ) သည် အခြားသူများထံသို့ ထပ်ဆင့်ကူးစက်ပြန့်ပွားနိုင်သည်ကို အထူးသတိပြုသိရှိစေချင်ပါသည်။ **ယခုချက်ချင်း စတင်လုပ်ဆောင်ရမည်မှာ ယနေ့မှစတင်ပြီး စုစုပေါင်း ၁၄ ရက်ကြာသည်အထိ လက်ရှိ အိမ်တွင် အတူတူနေထိုင်နေသောသူများနှင့် တတ်နိုင်သမျှ အဝေးဆုံးတွင် ခွဲပြီး သီးသန့်နေထိုင်ပေးပါ။** ယခုအချက်ကို အိမ်တွင် မဖြစ်မနေလုပ်ဆောင်ပေးပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ) ပြန့်ပွားခြင်းမှ ကူညီပေးနိုင်ပါလိမ့်မည်။

သတိပြုရန်မှာ မိမိအိမ်တွင် ရောဂါကို ကိုယ်တိုင်ထိန်းချုပ်ကုသနေသည့် ကာလာအတွင်းတွင် ရပ်ရွာကိုယ်စားပြုကျန်းမာရေးဌာနများမှ ကိုယ်စားလှယ်များက လိုအပ်သည်များကို ကူညီရန် အသင့်ရှိနေပါမည်။

အိမ်တွင် ထိန်းချုပ်ကုသရန် အကြံပေးရခြင်းမှာ ယခုကြုံတွေ့နေရသည့် COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ)သည် အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သည့်အပြင် အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်သောကြောင့် ဖြစ်ပါသည်။ အသက်ရှူလမ်းကြောင်းမှ တဆင့်ထွက်လာသော အမှုန်အမွှားများ (ချောင်းဆိုးရာမှ အချွဲနှင့် တံတွေးများ ပြန့်နှံ့နိုင်သည်)၊နှာချေရာမှ၊ ရယ်မောရာမှ၊ သီချင်းဆိုရာမှ၊ စကားပြောရမှတဆင့် COVID-19 ရောဂါပိုးမွှားသည် ရောဂါရှိသူမှ အခြားလူများဆီသို့ ကူးစက်ပြန့်ပွားစေနိုင်ပါသည်။ ရောဂါကူးစက်ခံရပြီးလျှင် နောက်ဆက်တွဲအနေဖြင့် အဆုတ်ရောင်ရောဂါ၊ လေထိခြင်း၊ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ ပျက်စီးခြင်း၊ အခြားကုသရ ခက်ခဲသော ရောဂါများအပြင် အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်။

ရာဂဏန်းနှင့် ချီပြီး COVID-19 ရောဂါကူးစက်ခြင်း ခံထားရသော ကန်တက်ကီရန်လူမျိုးများတွင် အချို့မှာ ပုံမှန်လက္ခဏာများကို ခံစားခဲ့ရပြီး အချို့မှာ သိသာထင်ရှားသည့် မည်သည့်လက္ခဏာကိုမှ ပြသခဲ့ခြင်း မရှိပါ။ သို့သော် အသိပေးလိုသည်မှာ COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ) သည် အရေးတကြီး ဂရုစိုက်ရန် လိုအပ်သည့် ရောဂါပိုးတစ်ခုဖြစ်သည့်အတွက် ယနေ့မှစတင်ပြီး နောက်ထပ် 14ရက်အတွင်း (သက်ဆိုင်ရာ ကျန်းမာရေးဌာမှ ကိုယ်စားလှယ်က အိမ်တွင်နေထိုင်ရန် မလိုအပ်တော့ပါဟု ဆက်သွယ်လာသည်အထိ) တွင် မိမိအနေဖြင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို လိုက်နာရန် လိုအပ်ပါသည်။

**မိမိအိမ်တွင် ရောဂါကို ထိန်းချုပ်ကုသသည့်အခါ လိုက်နာရန် လမ်းညွှန်ချက်များ**

**တစ်နေ့လျှင်တစ်ကြိမ် မိမိကိုယ်အပူချိန်ကို တိုင်းယူပြီး နေ့ရက်အလိုက် စာအုပ်တွင် ရေးမှတ်ထားပေးပါ။** မိမိနာမကျန်းဖြစ်နေသည့် အချိန်ကာလတစ်ခုလုံးတွင် ကျန်းမာရေးဌာနရှိ ကိုယ်စားလှယ်မှ လာရောက်ပြီး အခြေအနေကို လေ့လာပေးမည်ဖြစ်ပါသည်။

ပြန်လည် စီစစ်ပြီး မေ ၂၉, ၂၀၂၀

**ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရန်မှအပ အိမ်အပြင်သို့ လုံးဝ၊ လုံးဝ မထွက်ပါနှင့်။** ကျောင်း၊ အလုပ် နှင့် လူအများစုဝေးလေ့ရှိသော နေရာများကို လုံးဝသွားရောက်ခြင်း မပြုပါရန်နှင့် အများသုံးသယ်ယူပို့ဆောင်ရေး စနစ်ကို အသုံးပြုခြင်း၊ ကားမျှဝေစီးခြင်း၊ တက္ကစီစီးခြင်းတို့ကိုပါ လုံးဝမပြုလုပ်ပါနှင့်။ ပြည့်ဝစွာ အနားယူပြီး ကိုယ်တွင်း ရေဓါတ်ပြည့်ဝအောင် ရေများများသောက်ပါ။

**အိမ်တွင်ရှိသော သူများနှင့် အတူတူမနေပဲ သီးသန့်အခန်း၊ နေရာတွင် ခွဲခြားနေထိုင်ပေးပါ။** ဖြစ်နိုင်သမျှ အခြားသူများကို မိမိအခန်းထဲသို့ ဝင်ရောက်ခြင်းမပြုပဲ၊ အခန်းတစ်ခုအတွင်း သီးခြားခွဲနေထိုင်ပေးပါ။ ရေချိုးခန်း၊ အိမ်သာ သီးသန့်အသုံးပြုနိုင်ပါက မိမိအတွက် သီးသန့်တစ်ခန်း သတ်မှတ်ပြီး အသုံးပြုပါ။
အိမ်တွင် ဧည့်သည်များကို လက်မခံပါနှင့်။

**ဆရာဝန်သို့ သွားရောက်မည်ဆိုပါက မသွားခင် ရောဂါကူးစက်ခြင်းခံထားရသော မိမိလာမည်ဖြစ်ကြောင်းကို ကြိုတင်အသိပေးပါ။** စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်မီ ကျန်းမာရေးဝန်ဆောင်မှုပေးမည့်သူကို မိမိသည် COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ) ခံစားနေရသူဖြစ်ကြောင်းကို မဖြစ်မနေ အသိပေးပါ။ ထိုသို့ပြုလုပ်ခြင်းတွင် သွားရောက်မည့် ဆေးရုံ၊ဆေးခန်းတွင် မိမိဆီမှတဆင့် အခြားသူများဆီသို့ ရောဂါကူးစက်ပြန့်ပွားခြင်းကို ကာကွယ်နိုင်မည်ဖြစ်သည်။

**မိမိ၏ နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံစွာ ကာပေးနိုင်မည့် အကာအကွယ်ကို ဝတ်ဆင်ပေးပါ။** အခြားလူများ၏ အနီးအနားသို့ သွားရောက်သည့်အခါ မဖြစ်မနေ ပါးစပ်နှင့် နှာခေါင်းကို ကာပေးနိုင်မည့် အကာအကွယ်ကို ဝတ်ဆင်ရမည်ဖြစ်သည်။ ကာကွယ်ရန် အဝတ်၊နှာခေါင်းအကာမရှိပါက အခြားသူများနှင့် နီးကပ်စွာနေခြင်းကို ရှောင်ကြဉ်ပြီး နှာချေ၊ချောင်းဆိုးသည့်အခါများကို ပါးစပ်ကို လက်နှင့်ကာပေးပါ။ (2)နှစ်အောက် ကလေးငယ်များကို မျက်နှာကာ အဝတ်များ၊ အကာအကွယ်များဖြင့် ဖုံးထားပေးခြင်းမှ ရှောင်ရှားပါ။

**ချောင်းဆိုးပါက၊ နှာချေပါက လက်ဖြင့် ဖုံးအုပ်ပေးပါ။** ချောင်းဆိုးသည့်အခါ (သို့) နှာချေသည့်အခါ မိမိ၏ ပါးစပ်နှင့် နှာခေါင်းကို စက္ကူ(သို့) အင်္ကျီလက်ဖြင့် ကာကွယ်ခြင်းဖြင့် ရောဂါပျံ့နှံ့ခြင်းကို တားဆီးနိုင်ပါသည်။ အသုံးပြုပြီးသား စက္ကူများကို အဖုံးပါရှိသည့် အမှိုက်ပုံးတွင် စနစ်တကျ စွန့်ပစ်ပြီး စက္ကူ၊ အမှိုက်ပုံးကိုင်ထားသည့်လက်ကို ဆပ်ပြာဖြင့် စက္ကန့်20ခန့်ကြာအောင် ပွတ်တိုက်ပြီး ဆေးကြောပေးရမည်။

**လက်ဆေးပါ။** မိမိလက်ကို မကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးပါ။ လက်ဆေးသည့်အခါတိုင်းတွက် လက်ကိုဆပ်ပြာဖြင့် အနည်းဆုံး စက္ကန့်20ခန့်ကြာအောင် ပွတ်တိုက်ပြီးကာမှ ရေဖြင့်ဆေးကြောပါ။ ဆပ်ပြာနှင့်ရေ အလွယ်တကူ မရရှိနိုင်ပါက အရက်ပြန်ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည်ကို အသုံးပြုပြီး မိမိလက်ကို ဆေးကြောနိုင်ပါသည်။ လက်မဆေးခင် မျက်လုံး၊နှာခေါင်းနှင့် ပါးစပ်တို့ကို မိမိလက်ဖြင့် ထိတွေ့ခြင်းမှ ရှောင်ရှားပါ။

**အိမ်သုံးပစ္စည်းများကို အခြားသူများနှင့် မျှဝေ၊အသုံးပြုခြင်းမှ ရှောင်ရှားပါ။** အိုးခွက်ပန်းကန်များ၊ သောက်ရေခွက်များ၊ ဇွန်းခရင်း၊ လက်သုတ်ပဝါများ၊ အိပ်ရာခင်းများနှင့် အခြားအမျိုးမျိုးသော အိမ်သုံးပစ္စည်းများကို အခြားမိသားစုဝင်များနှင့် မျှဝေအသုံးပြုခြင်းကို ရှောင်ရှားပါ။ ၎င်းပစ္စည်းကိုလည်း မိမိအသုံးပြုပြီးတိုင်းမှာ ရေနှင့်ဆပ်ပြာကို အသုံးပြုပြီး နှံ့စပ်အောင် လျှော်ဖွတ်ဆေးကြောပြီးကာမှ အခြားသူများအသုံးပြုပါစေ။

**မိမိမကြာခဏ ထိတွေ့မှုရှိသည့် မျက်နှာပြင်များကို နေ့စဉ်သန့်ရှင်းရေး ပြုလုပ်ပေးပါ။** မကြာခဏ ကိုင်တွယ်အသုံးပြုလေ့ရှိသည့် ဖုန်း၊ ရီမုတ်ကွန်ထရိုးများ၊ စားပွဲမျက်နှာပြင်၊ တံခါးလက်ကိုင်၊ ရေချိုးခန်းအိမ်သာအတွင်းရှိ နေရာနှင့်မျက်နှာပြင်များ၊ အိမ်သာဘိုထိုင်များ၊ ကီးဘုတ်နှင့် ကုတင်ဘေးစားပွဲမျက်နှာပြင်များ အားလုံးတို့သည် မကြာခဏ ကိုယ်တွယ်အသုံးပြုလေ့ရှိသည့် မျက်နှာပြင်များတွင် အကျုံးဝင်ပါသည်။

**မိမိ၏ ရောဂါလက္ခဏာများကို ပုံမှန်စောင့်ကြည့် စစ်ဆေးနေပါ။** ဒေသခံ ကျန်းမာရေးစောင့်ရှောက်သူ (သို့) ဒေသခံ ကျန်းမာရေးဌာနသို့ ရောဂါလက္ခဏာများနှင့် ပတ်သက်ပြီး ပုံမှန်ဆက်သွယ်နေပါ။ COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ) လက္ခဏာများထဲတွင် အဖျားရှိခြင်း (ကိုယ်အပူချိန် ၁၀၀.၄ ဒီဂရီကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း၊ အသက်ရှူ မဝခြင်း၊ ချမ်းပြီး တုန်နေခြင်း၊ အကျောတက်ခြင်း၊ ကိုယ်လက်နာခြင်းနှင့် အနံ့အရသာခံနိုင်စွမ်း ပျောက်ဆုံးခြင်းတို့ ပါဝင်ပါတယ်။

ပြန်လည် စီစစ်ပြီး မေ ၂၉, ၂၀၂၀

**COVID-19 ပြင်းထန်အဆုတ်ရောင်ရောဂါမှ အရေးပေါ်လက္ခဏာများဖြစ်သည့်** အသက်ရှူရ ခက်ခဲခြင်း၊ ရင်ဘတ်တွင် တစ်ခုခုဖိနေသည်ဟု ခံစားရခြင်း၊ ဆက်တိုက် နာကျင်မှု ဖြစ်နေခြင်း၊ ရုတ်တရက် စဉ်းစားနိုင်စွမ်း၊ ထိန်းချုပ်နိုင်စွမ်းမရှိတော့ခြင်း၊ မျက်နှာ(သို့)နှုတ်ခမ်းများ ပြာလာခြင်းတို့ကို ကြုံတွေ့ခံစားရသည်နှင့် အရေးပေါ်စောင့်ရှောက်မှုခံယူရန် ကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်ပေးပါ။ အရေးပေါ်စောင့်ရှောက်မှု ခံယူလိုပါက 9-1-1 သို့ ချက်ချင်းဖုန်းခေါ်ဆိုပြီး မိမိတွင် COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ)၏ အရေးပေါ်အခြေအနေများကို ခံစားနေရကြောင်း အသိပေးပါ။ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ မရောက်လာခင် လှုပ်ရှားနိုင်စွမ်းရှိပါက ပါးစပ်နှင့်နှာခေါင်းကိုကာကွယ်နိုင်မည့် mask ကို တပ်ဆင်ထားပေးပါ။

**သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ လမ်းညွှန်ပေးသည့် နေ့ရက်အတိုင်း မိမိကိုယ်ကို အိမ်တွင်း ထိန်းချုပ်၊ကုသမှု ခံယူပေးပါ။**. ကျန်းမာရေးအရာရှိမှ မလိုအပ်ပါဟု မပြောမချင်း COVID-19 ရောဂါကူးစက်ခံထားရသူ မိမိအနေဖြင့် စုစုပေါင်း ၁၄ရက်ကြာမြင့်မည့် အိမ်တွင်း ထိန်းချုပ်၊ကုသမှုကို ပြုလုပ်ပေးရမည်ဖြစ်သည်။ မိမိကိုယ်ကို ထိန်းချုပ်၊ကုသမှုရက်ပြည့်သွားပါက ကျန်းမာရေးအရာရှိမှ ပုံမှန်သွားလာနိုင်ပြီး ဖြစ်ကြောင်း ဆက်သွယ်လာပါလိမ့်မည်။

# ရောဂါခံစားနေရသူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေသူများနှင့် မိသားစုဝင်များ လိုက်နာရန် လမ်းညွှန်ချက်များ

မိမိအနေဖြင့် COVID-19 ရောဂါခံစားနေရသူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေရသူ (သို့) အိမ်တွင် အတူတူနေထိုင်နေသူဖြစ်ပါက

- ဖြစ်နိုင်ပါက ရောဂါကူးစက်ခံရနိုင်စွမ်း အရှိဆုံး အခြေအနေများထဲတွင် မိမိပါဝင်ပါက ဖြစ်နိုင်လျှင် COVID-19 ရောဂါကူးစက်ခြင်းခံရသူများ၏ အဝေးတွင် နေထိုင်ပေးဖို့ လိုအပ်ပါမည်။ ရောဂါကူးစက်နိုင်စွမ်း အမြင့်ဆုံး အခြေအနေဟု သတ်မှတ်နိုင်သည်မှာ အသက် (60)ကျော်ပြီး သူများ၊ ကိုယ်ခံအားမကောင်းသူများနှင့် ရေရှည်ကုသနေရသည့် ရောဂါ ဥပမာအားဖြင့် နှလုံးရောဂါ၊ အဆုတ်နှင့် ကျောက်ကပ်ပိုင်းဆိုင်ရာ ရောဂါများ၊ ဆီးချိုသွေးဆိုရောဂါ ခံစားနေရသူများ ပါဝင်ပါသည်။ ဖော်ပြပါ အခြေအနေရှိသောသူများကို ပြင်းထန်အဆုတ်ရောင် ရောဂါရှိသူများ၏ အဝေးဆုံးတွင် ထားပေးပါ။
- ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် သူများမှ အပ အိမ်သို့ အခြား ဧည့်သည်များ လက်မခံပါနှင့်။
- ဖြစ်နိုင်ပါက မိသားစုဝင်များကို အခြားအိမ်တစ်အိမ်၊ တစ်နေရာတွင် ခွဲပြီး နေထိုင်ခိုင်းပါ။ သီးခြား ခွဲနေထိုင်ရန် အခွင့်အရေးမပေးပါက ရောဂါခံစားနေရသူသည် အခန်းတစ်ခုတည်းတွင် သတ်သတ်မှတ်မှတ်နေခြင်းဖြင့် အခြားမိသားစုဝင်များကို အဆက်အသွယ် ကန့်သတ်ရမည်ဖြစ်သည်။ ရောဂါခံစားနေရသူအတွက် သီးသန့်ရေချိုးခန်းအိမ်သာတစ်ခုကို ခွဲခြားပေးပါ။ နေရာကို မျှဝေနေထိုင်နေရပါက လူနာနေထိုင်သည့်နေရာကို လေဝင်လေထွက်ကောင်းအောင် ဖန်တီးပေးပါ။ ရောဂါခံစားနေရသူနှင့် ထမင်းအတူစားခြင်း၊ အချိန်အတူဖြုန်းခြင်း မပြုလုပ်ပါနှင့်။
- ရောဂါခံစားရသူသည် အခြားမိသားစုဝင်များနှင့် ပြောဆိုဆက်ဆံတိုင်း mask ကို တပ်ဆင်ထားရန် အသိပေးပါ။ လူနာစောင့်သည် ရောဂါခံစားနေရသူနှင့် ထိတွေ့ရမည်ဆိုပါက လူနာ၏ သွေး၊ ခန္ဓာကိုယ်မှ ထွက်သောအရည်များနှင့် ထိတွေ့ခြင်းရှောင်ရှားနိုင်ရန် လုံခြုံစွာ ကာကွယ်ထားပါ။ ရောဂါခံစားရသူအနားသို့ သွားတိုင်း၊ အခန်းထဲသို့ ဝင်တိုင်း Mask ကို အသုံးပြုပြီးကာမှ ဝင်ရောက်ပါ။
- လူနာစောင့်အနေဖြင့် ကျန်းမာရေးဌာနမှ ချမှတ်ပေးထားသည့် စည်းမျဉ်းများနှင့် အညီလိုက်နာဆောင်ရွက်ပြီး ရောဂါခံစားနေရသူကို ပြုစုစောင့်ရှောက်ပေးရန် အရေးကြီးပါသည်။ လူနာစောင့်အနေဖြင့် ရောဂါခံစားနေရသူ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် နေ့စဉ်သုံး ပစ္စည်းများ အဝယ်ထွက်ပေးခြင်း၊ သတ်မှတ်ဆေးများ ပေးခြင်းနှင့် အခြားတစ်ကိုယ်ရေသုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည် ဖြစ်သည်။
- မိမိကိုယ်တိုင်လည်း မကြာခဏ လက်ဆေးပြီး တစ်ခါဆေးလျှင် အနည်းဆုံး ဆပ်ပြာကို စက္ကန့်20 ကြာအောင် ပွတ်တိုက်ဆေးကြောပေးပါ။ ဆပ်ပြာနှင့်ရေ အလွယ်တကူ မရရှိနိုင်ပါက အရက်ပြန်ပါဝင်သည့် ရေမလိုလက်သန့်ဆေးရည်ကို အသုံးပြုပြီး မိမိလက်ကို ဆေးကြောနိုင်ပါသည်။ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်ကို လက်များဖြင့် ထိတွေ့ခြင်း မပြုပါနှင့်။
- ပန်းကန်ခွက်ယောက်များ၊ ဇွန်းခရင်းများ၊ မျက်နှာသုတ်ပဝါ၊ လျှပ်စစ်ပစ္စည်းများ (ဖုန်း၊ တီဗီ)နှင့် အခြားပစ္စည်းများကို COVID-19 ရောဂါခံစားနေရသူနှင့် မျှဝေအသုံးပြုခြင်း လုံးဝ၊ လုံးဝ မပြုလုပ်ပါနှင့်။ ရောဂါခံစားနေရသူမှ ၎င်းပစ္စည်းများကို အသုံးပြုပြီးတိုင်း ဆပ်ပြာနှင့် ရေကို အသုံးပြုပြီး နှံ့စပ်အောင် ဆေးကြော သန့်စင်ပေးပါ။ (အသေးစိတ်ကို အောက်တွင် ကြည့်ရှုနိုင်ပါသည်။)
- မကြာခဏ ကိုင်တွယ်အသုံးပြုလေ့ရှိသည့် ဖုန်း၊ ရီမုတ်ကွန်ထရိုးများ၊ စားပွဲမျက်နှာပြင်၊ တံခါးလက်ကိုင်၊ ရေချိုးခန်းအိမ်သာအတွင်းရှိ နေရာနှင့်မျက်နှာပြင်များ၊ အိမ်သာဘိုထိုင်များ၊ ကီးဘုတ်နှင့် ကုတင်ဘေးစားပွဲမျက်နှာပြင်များ အားလုံးတို့သည် မကြာခဏ ကိုယ်တွယ်အသုံးပြုလေ့ရှိသည့် မျက်နှာပြင်များကို နေ့စဉ် သန့်ရှင်းရေး ပြုလုပ်ပါ။

ပြန်လည် စီစစ်ပြီး မေ ၂၉, ၂၀၂၀

- o သန့်ရှင်းရေးပစ္စည်းများ၏ အညွှန်းစာများအတိုင်း လိုက်နာပြီး မှန်ကန်သော သန့်ရှင်းနည်းစနစ်ကို အသုံးပြုရန် လိုအပ်ပါသည်။ အချို့သန့်ရှင်းရေးပစ္စည်းများသည် ကြိုတင်ကာကွယ်မှု လိုအပ်သည့်အတွက် ထိုပစ္စည်းများ၏ ဖော်ပြချက်အတိုင်း အကျိုးသက်ရောက်မှုရှိအောင် လိုက်နာဆောင်ရွက်ပေးပါ။
  - o "EPA-approved" ဟု ဖော်ပြထားသည့် အရောင်ချွတ်ဆေး၊ အိမ်သုံးဆပ်ပြာများကို အသုံးပြုပြီး သန့်ရှင်းရေး ပြုလုပ်နိုင်ပါသည်။ အိမ်လုပ် ပိုးသတ်ဆေးပြုလုပ်မည်ဆိုပါက အရောင်ချွတ်ဆေးကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းထည့်ပြီး( ရေ4ခွက)်ဖြင့် ရောပြီး အသုံးပြုနိုင်ပါသည်။ ပမာဏ ပိုများစွာ အသုံးပြုလိုပါက အရောင်ချွတ်ဆေးခွက်၏ 4ပုံ1ပုံကို ရေတစ်ဂါလံ(ရေ 16ခွက်)ထည့်ရောပြီး အသုံးပြုနိုင်ပါသည်။ ပိုးသတ်ဆေးများကို မဝယ်ယူနိုင်ပါက နေ့စဉ်အိမ်တွင်း ကိုယ်တိုင်ပြုလုပ်ပြီး ပိုးသတ်ဆေးကို ရယူနိုင်ပါသည်။
  - o ရောဂါခံစားနေရသူနှင့် သီးခြားအိပ်ခန်း၊ ရေချိုးခန်းအိမ်သာ အသုံးပြုပါက ထိုရောဂါခံစားနေရသူနေထိုင်သည့် အခန်းကိုသာ သန့်ရှင်းရေးပုံမှန်ပြုလုပ်ပေးပါ။ အထူးသဖြင့် အခန်း၏ ကြမ်းပြင်ကို ဂရုစိုက်ရမည်ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် မိမိအနေဖြင့် ရောဂါခံစားနေရသူနှင့် ဆက်သွယ်ပြောဆိုခြင်းကို လျော့ချရမည်ဖြစ်သည်။ အလိုရှိပါက ရောဂါခံစားနေရသူကိုယ်တိုင် သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်။ သန့်ရှင်းရေးပြုလုပ်နိုင်ရန် လိုအပ်သည့်ပစ္စည်းများကို ရောဂါခံစားနေရသူကို ကြိုတင်ပေးထားပါ။
  - o ရေချိုးခန်း အိမ်သာကို မျှဝေအသုံးပြုနေရပါက ရောဂါခံစားနေရသူကိုယ်တိုင် ရေချိုးခန်းအိမ်သာကို သန့်စင်၊ ပိုးသတ်ပေးဖို့ လိုအပ်ပါသည်။ ထိုသူကိုယ်တိုင် မဆောင်ရွက်နိုင်ပါက mask တပ်ဆင်ပြီး ရောဂါရှိသူ ဝင်ရောက်ပြီးသည့် ရေချိုးခန်းအိမ်သာကို အချိန်အနည်းငယ်အထိ ဝင်ရောက်ခြင်းမပြုပဲ သတ်မှတ်စောင့်ဆိုင်းပြီးချိန်ကျော်လွန်ပါက အထဲသို့ mask တပ်ဆင်ပြီး သန့်စင်ပိုးသတ်ခြင်း ဆောင်ရွက်ပေးပါ။
- အဝတ်များကို ဆပ်ပြာဖြင့် နှံ့စပ်အောင် ဆေးကြောပေးပါ။
  - o အဝတ်များတွင် သွေး၊ ကိုယ်တွင်း အရည်များနှင့် ကိုယ်တွင်း အညစ်အကြေးများ တွေ့ရှိပါက ချက်ချင်းဆေးကြောသန့်စင်ပေးပါ၊ သို့မဟုတ် စွန့်ပစ်ပေးပါ။
  - o အဝတ်များကို ခါခြင်း မပြုလုပ်ပါနှင့်။
  - o ကိုင်တွယ်သည့်အခါတိုင်းတွင် လက်အိတ် ဝတ်ဆင်ထားပေးရန်လိုအပ်ပြီး သန့်ရှင်းရေးပြုလုပ်ပြီးပါက လက်အိတ်များကို ချက်ချင်းစွန့်ပစ်ပါ။
  - o အဝတ်လျှော်ဆပ်ပြာများတွင် ဖော်ပြထားသည့် အညွှန်းစာများအတိုင်း မှန်ကန်သည့် အကျိုးအာနိသင်ရှိအောင် အသုံးပြုပေးပါ။ ပုံမှန်အားဖြင့် အဝတ်များကို တတ်နိုင်သမျှ အပူဆုံးရေဖြင့် ဆေးကြောသန့်စင်ပေးပါ။
- အဖုံးပါသော အမှိုက်ပုံးကို အသုံးပြုပါ။ တစ်ခါသုံး လက်အိတ်များနှင့် အခြားတစ်ခါသုံး ရောဂါကာကွယ်ရေးပစ္စည်းများကို အဖုံးပါသော အမှိုက်ပုံးတွင်သာ စွန့်ပစ်ပေးပါ။ လက်အိတ်ကို အသုံးပြုပြီး ထိုအမှိုက်ထုတ်များကို အပြင်သို့စွန့်ပစ်ရန်နှင့် စွန့်ပစ်ပြီးပါကလည်း မိမိလက်ကို ချက်ချင်းဆေးကြောသန့်စင်ပါ။
- ရောဂါခံစားနေရသူ၏ ကျန်းမာရေးအခြေအနေများကို စောင့်ကြည့်စစ်ဆေးပေးပါ။ အဖျားရှိပါက (ကိုယ်အပူချိန် 100.4 ဒီဂရီ ထက်ကျော်လွန်ပါက)၊ အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာ ပြဿနာများကို ခံစားရပါက၊ အသက်ရှူရခက်ခဲလာပါက၊ သက်ဆိုင်ရာ ကျန်းမာရေးပြုစုစောင့်ရှောက်သူသို့ ဆက်သွယ်ပြီး မိမိအိမ်တွင် COVID-19 ပြင်းထန်အဆုတ်ရောင် ရောဂါခံစားနေရသူ၏ အခြေအနေဆိုးဝါးလာကြောင်း ချက်ချင်းအသိပေးပါ။ ထိုမှသာ ကျန်းမာရေးစောင့်ရှောက်သူအနေဖြင့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ပြီး ရောက်ရှိလာမှာဖြစ်သည်။

ပြန်လည် စီစစ်ပြီး မေ ၂၉, ၂၀၂၀

- မိမိ၏ ကျန်းမာရေးကိုလည်း စစ်ဆေးစောင့်ကြည့်နေပါ။ ကိုယ်တိုင် ခန္ဓာကိုယ်အပူချိန်ကိုလည်း စစ်ဆေးနေပါ။ အဖျားရှိခြင်း(100.4 ဒီဂရီထက် ကျော်လွန်နေပါက)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ တုန်ရီလာခြင်း၊ အကြောတက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ လည်ချောင်းနာခြင်းနှင့် အနံ့အရသာမရတော့ခြင်း ရှိ၊မရှိ စစ်ဆေးကြည့်ရှုနေပါ။ **အိမ်တွင်း အတူနေသူ မိသားစုဝင်တစ်ဦးဦးအနေဖြင့် ရောဂါခံစားနေရသူနှင့် အလားတူ လက္ခဏာများ ခံစားလာရပါက ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ပါ။**
- အခြားကျန်းမာရေးမေးခွန်းများကို သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်ပြီး လေ့လာမေးမြန်းပါ။

စိုးရိမ်ဖွယ် အခြေအနေများနှင့် ကြုံတွေ့တိုင်း သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ ကူညီစောင့်ရှောက်မှုပေးရန် အသင့်ရှိနေကြောင်း သတိရပေးပါ။ သို့မဟုတ် ကန်တက်ကီပြည်နယ်၏ ကျန်းမာရေးဝန်ကြီးဌာန၏ (Kentucky Department for Public Health) Website သို့ သွားရောက်လေ့လာခြင်း (သို့) ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ခြင်းဆိုင်ရာ Hotline (800) 722-5725 သို့ ဆက်သွယ်နိုင်ပါသည်။ ထပ်ဆောင်းအချက်အလက်များနှင့် ပတ်သက်ပြီး သိရှိလေ့လာလိုပါက **kycovid.19.ky.gov**သို့ သွားရောက်လေ့လာနိုင်ပါသည်။

မိမိကိုယ်ကို အချိန်ယူစောင့်ရှောက်ပေးခြင်းဖြင့် ပူးပေါင်းကူညီပေးသည့်အတွက် COVID-19 (ပြင်းထန်အဆုတ်ရောင်ရောဂါ) ပြန့်ပွားခြင်းတွင် တားမြစ်ကူညီပေးရာ ရောက်ပါသည်။